မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၃၂ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ**

**အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ** တွင် အတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် **အစား** အတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြင့် ပြင်ဆင်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား တွဲဖက်အတွင်းရေးမှူးအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးခိုင်ထွန်းဦး ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာ မီမီခင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ကျော့ခင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ချီးမြှင့်အပ်နှင်းရန်စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်စိစစ်ရေးအဖွဲ့** တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေးပဏာမစိစစ်ရေးအဖွဲ့** တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ အိအိလှိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သင်းသုနိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ခင်မာလာထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၄) ဒေါက်တာ မျိုးညွန့် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (မုံရွာ) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (မုံရွာ) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

### မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ** တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

### လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ** တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ** တွင် အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် **အစား** အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဖြင့် ပြင်ဆင်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက် ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးမြင့်စိုး | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) | ဦးမြတ်သူ | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) | ဒေါ်ကေသီ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဏ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့် နိုင်ငံ၏လိုအပ်ချက်များအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမူဝါဒ တစ်ရပ်ကို ဆန်းစစ်ရေးဆွဲရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုမူဝါဒပြောင်းလဲမှုများအပေါ် အခြေခံ၍ ကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းအား ပြင်ဆင်ခြင်း၊ သုံးသပ်ခြင်းနှင့် ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်သွားရန်၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှုများကို ညွှန်ကြားရန်၊ ထိန်းကျောင်းကြပ်မတ်ရန်နှင့် အကဲဖြတ်ရန်၊

(ဃ) စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် သက်ဆိုင်သည့်အစိုးရအဖွဲ့အစည်းများ၏ သဘောထားအမြင်များရယူ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား စိစစ် သုံးသပ်ဆောင်ရွက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ အစီရင်ခံစာတင်ပြရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) တွင် အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန **အစား** ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဟု ပြောင်းလဲပြင်ဆင် ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၇ အပိုဒ် ၂ ပါ ယင်းကော်မတီ၏ တာဝန်ဝတ္တရားများတွင် အပိုဒ်ခွဲ (ပ) နောက်၌ အပိုဒ်ခွဲ (ဖ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်လိုက်သည် -

"(ဖ) ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်။"

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

**ကုန်းလမ်းသယ်ယူပို့ဆောင်မှုလျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၀၂/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသား ကော်မတီအဖွဲ့ဝင် ဦးအောင်ခင်မြင့် နေရာတွင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar International Freight Forwarders Association-MIFFA) ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ (ခ) အရ တိရစ္ဆာန် တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းတိရစ္ဆာန်နှင့်စပ်လျဉ်း၍ သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်း သတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့်အမိန့် ထုတ်ပြန်နိုင်ခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား အပ်နှင်းလိုက်သည်။

၂။ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဌာန (စိုက်ပျိုးရေးဌာနစု) ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၁ (ယခင် တိုင်းနှင့် ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ ဥက္ကဋ္ဌများသို့ ကွဲ၊ နွားများနှင့်စပ်လျဉ်း၍ အာဏာအပ်နှင်းထားသည့်အမိန့်) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် "ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ရေး စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ" တွင် ဥက္ကဋ္ဌနေရာကို "ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန" **အစား** "ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဟုလည်းကောင်း၊ အတွင်းရေးမှူးနေရာကို "အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန" **အစား** "ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဟုလည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အောက်ဖော်ပြပါ နေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | နိုင်ငံတကာနှစ်သစ်ကူးနေ့ | ၁-၁-၂၀၂၀ | ၁ ရက် |
| ၂။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၂၀ | ၁ ရက် |
| ၃။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၂၀ | ၁ ရက် |
| ၄။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၂၀ | ၁ ရက် |
| ၅။ | တပေါင်းလပြည့်နေ့ | ၈-၃-၂၀၂၀ | ၁ ရက် |
| ၆။ | တပ်မတော်နေ့ | ၂၇-၃-၂၀၂၀ | ၁ ရက် |

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၇။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ (သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်) | ၁၂-၄-၂၀၂၀ မှ ၁၇-၄-၂၀၂၀ ထိ | ၆ ရက် |
| ၈။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၂၀ | ၁ ရက် |
| ၉။ | ကဆုန်လပြည့်နေ့ | ၆-၅-၂၀၂၀ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၂၀ | ၁ ရက် |
| ၁၁။ | ဝါဆိုလပြည့်နေ့ | ၃-၈-၂၀၂၀ | ၁ ရက် |
| ၁၂။ | သီတင်းကျွတ်ရုံးပိတ်ရက်များ [အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် (၁) ရက်နေ့] | ၃၀-၁၀-၂၀၂၀ မှ ၁-၁၁-၂၀၂၀ ထိ | ၃ ရက် |
| ၁၃။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့) | ၂၈-၁၁-၂၀၂၀ မှ ၂၉-၁၁-၂၀၂၀ ထိ | ၂ ရက် |
| ၁၄။ | အမျိုးသားအောင်ပွဲနေ့ | ၉-၁၂-၂၀၂၀ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၂၀ | ၁ ရက် |
| ၁၆။ | နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ | ၃၁-၁၂-၂၀၂၀ | ၁ ရက် |
| ၁၇။ | အီဒုလ်အဿွဟာနေ့ | X | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | X | ၁ ရက် |

မှတ်ချက်။ (၁) ကရင်နှစ်သစ်ကူးနေ့ [ပြာသိုလဆန်း (၁) ရက်] သည် ၂၀၂၀ ပြည့်နှစ်အတွင်း ကျရောက်ခြင်းမရှိပါ။

(၂) အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်) နေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။

(၃) ဘဏ်ပိတ်ရက်များကို သက်ဆိုင်ရာအဖွဲ့အစည်းက ကြေညာမည်ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **အေဂျင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။

(ဈ) **စာပေနှင့် အနုပညာမူပိုင်ခွင့်**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီရရှိသော စာပေနှင့်အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်။

(ည) **ဆက်နွှယ်သည့်အခွင့်အရေး**ဆိုသည်မှာ ဤဥပဒေပါ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေးများကို ဆိုသည်။

(ဋ) **စာပေ သို့မဟုတ် အနုပညာလက်ရာ**ဆိုသည်မှာ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၅ တို့တွင် ဖော်ပြထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကို ဆိုသည်။

(ဌ) **မူလလက်ရာရှင်**ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ရပ်ရပ်ကို မိမိ၏ကိုယ်ပိုင် စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပြုလုပ်သည့် လူပုဂ္ဂိုလ်ကို ဆိုသည်။

( ၃ ) **စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်**ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည် -

(၁) မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်း ခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

( ဎ ) **ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်**ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည် -

(၁) ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်း၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်း မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်း ခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

(ဏ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို လွှဲအပ် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်။

(တ) **ဖျော်ဖြေသူ**ဆိုသည်မှာ ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ အကပညာရှင် သို့မဟုတ် စာပေ သို့မဟုတ် အနုပညာလက်ရာများကိုဖြစ်စေ၊ ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များကိုဖြစ်စေ သရုပ်ဆောင်ခြင်း၊ တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ကပြခြင်း၊ ဘာသာစကားပြန်ဆိုခြင်း၊ ဇာတ်ကြောင်းပြောခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖျော်ဖြေသောလူပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ဖျော်ဖြေတင်ဆက်မှု**ဆိုသည်မှာ -

(၁) အရုပ်အသံလက်ရာနှင့် ရုပ်ရှင်ဖန်တီးမှုလက်ရာ မဟုတ်သော အခြားစာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ ကြားခံကိရိယာတစ်ခုခုမှတစ်ဆင့် ဖြစ်စေ၊ လုပ်ငန်းစဉ်တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ ရွတ်ဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကပြခြင်း၊ သရုပ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊

(၂) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက ပုံရိပ်တို့ကို အစီအစဉ်တကျ ပြသခြင်းနှင့် ယင်းနှင့်အတူ ပါဝင်သောအသံတို့ကို ကြားနိုင်အောင်ပြုလုပ်ခြင်း၊

(၃) ဖိုနိုဂရမ်ဖြစ်ပါက ဖမ်းယူထားသောအသံကို ကြားနိုင်အောင်ပြုလုပ်ခြင်းတို့ကို ဆိုသည်။

( ဒ ) **ထုတ်လုပ်သူ**ဆိုသည်မှာ အရုပ်အသံလက်ရာကိုဖြစ်စေ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာကိုဖြစ်စေ ပြုလုပ်သည့် သို့မဟုတ် ဖိုနိုဂရမ်ကိုဦးစွာအသံထည့်သွင်းသည့် သို့မဟုတ် ဦးစွာအသံထည့်သွင်းရန် ဦးဆောင် ပြုလုပ်သည့် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်းကို သော်လည်းကောင်း ဆိုသည်။

( ဓ ) **လက်ရာများကိုစုပေါင်းခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာများကို ရွေးချယ်ခြင်းနှင့် စီစဉ်ခြင်းဖြင့် စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် ဖန်တီးမှုပါရှိသည့် စုပေါင်းခြင်းကို ဆိုသည်။

(န) **ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ**ဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင် ဖန်တီးဆောင်ရွက်ထားသည့် စာပေအနုပညာလက်ရာကို ဆိုသည်။

(ပ) **အရုပ်အသံလက်ရာ**ဆိုသည်မှာ အသံပူးတွဲပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကို မြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများ ပါဝင်သည့် လက်ရာကို ဆိုသည်။

(ဖ) **ရုပ်ရှင်ဖန်တီးမှုလက်ရာ**ဆိုသည်မှာ မြင်နိုင်သော ရုပ်ပုံများ အစီအစဉ်တကျပါဝင်ပြီး လှုပ်ရှားမှုရုပ်ပုံများအဖြစ် အဆက်မပြတ် ပြသနိုင်သော သို့မဟုတ် ယင်းကဲ့သို့ ပြသနိုင်ရန် အခြားသော ကြားခံပစ္စည်းတွင် မှတ်တမ်းတင်ထားသော အသံပေါင်းစပ်ပါဝင်သည့် အရုပ်အသံဖန်တီးမှုလက်ရာကို ဆိုသည်။

(ဗ) **အသုံးချအနုပညာလက်ရာ**ဆိုသည်မှာ လက်မှုပညာဖြင့်ပြုလုပ်၍ဖြစ်စေ၊ စက်မှုနည်းပညာဖြင့် ထုတ်လုပ်၍ဖြစ်စေ အသုံးဝင်စေရန် ဆောင်ရွက်ထားသော သို့မဟုတ် အသုံးဝင်သည့်ပစ္စည်းတစ်ခုခုတွင် ပါဝင်ပေါင်းစပ်ထားသော အနုပညာဖန်တီးမှုလက်ရာကို ဆိုသည်။

(ဘ) **ဖိုနိုဂရမ် (Phonogram)** ဆိုသည်မှာ အရုပ်အသံလက်ရာ ပေါင်းစပ်ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှု အသံ၊ အခြားအသံ သို့မဟုတ် အလားတူအသံတို့ကို ဖိုနိုဂရမ်ဓာတ်ပြား၊ အသံသွင်းတိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားခြင်းကို ဆိုသည်။

(မ) **ဓာတ်ပုံလက်ရာ**ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ အလင်းကိုဖမ်းယူခြင်းဖြင့်လည်းကောင်း၊ အလင်းထုတ်လွှတ်ခြင်းဖြင့် လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။

(ယ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း**ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံနှစ်ခုလုံးကိုဖြစ်စေ၊ သင်္ကေတာန်တူရုပ်ပုံနှင့် အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသောပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကိုဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန်သော်လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန်သော်လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံး ပေါင်းစပ်ထည့်သွင်းပြီး မှတ်တမ်းပြု သွင်းယူခြင်းကို ဆိုသည်။

(ရ) **ထုတ်လွှင့်ခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာကိုဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ၊ ဂြိုဟ်တုမှတစ်ဆင့် ပို့လွှင့်ခြင်းအပါအဝင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(လ) **ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ**ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကိုဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ပေါင်းစပ်ဖော်ပြချက်များ ပါဝင်သောအသွင်ပုံစံတစ်ခုခုကို ဆိုသည် -

(၁) နှုတ်ရေးနှုတ်ရာဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသောဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီး ထုတ်လုပ်ခြင်းများ) ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့်ပုံစံလက်ရာ၊ (ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်း အပါအဝင်) ဆေးခြယ်ခြင်း ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် (သို့မဟုတ်) ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့်ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့်လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့် လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရွှေခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ်လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေး မင်စာများ။

(ဝ) **ကွန်ပျူတာပရိုဂရမ်**ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကိုရရှိစေရန် ကွန်ပျူတာမှဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ် ထည့်သွင်းထားသောစာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြ ထားသော ညွှန်ကြားမှုအစီအစဉ်တစ်ရပ်ကို ဆိုသည်။

(သ) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးများစီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်များ**ဆိုသည်မှာ အောက်ဖော်ပြပါ အချက်အလက်များကို ဆိုလိုသည် -

(၁) စာပေ သို့မဟုတ် အနုပညာလက်ရာ၊ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်၊ လက်ရာ၏အခွင့်အရေးတစ်ခုခုကို ပိုင်ဆိုင်သူတို့အား ဖော်ပြသည့်သတင်းအချက်အလက်များ၊

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာအား အသုံးပြုမှုနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ချက်များ ဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) ဖျော်ဖြေသူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ဖိုနိုဂရမ်ကိုသော် လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တွင်ပါရှိသည့် အခွင့်အရေးတစ်ခုခု၏ ပိုင်ရှင်ကိုသော်လည်းကောင်း ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၄) ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်အား အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ သတင်းအချက်အလက်များ၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ သတင်းအချက်အလက်တစ်ခုခုကို လက်ရာတစ်ခု၏ မိတ္တူတွင် ထည့်သွင်းရာတွင်ဖြစ်စေ သို့မဟုတ် လက်ရာတစ်ခုကို အများပြည်သူသို့ ဆက်သွယ် ပို့လွှင့်ရာတွင်ဖြစ်စေ အဆိုပါ သတင်းအချက်အလက်များကို ကိုယ်စားပြုသည့် နံပါတ် သို့မဟုတ် သင်္ကေတ။

(ဟ) **နည်းပညာဖြင့်ကာကွယ်ထားသောအစီအမံများ**ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ခွင့်ပြုချက်မရရှိဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများကို အသုံးပြုခြင်းနှင့် ရယူခြင်းမှကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန် ပုံမှန်အားဖြင့် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဠ) **မူပွားခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရောနစ် နည်းပညာဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်းအပါအဝင် ယင်းလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်း စသည်ဖြင့် မိတ္တူတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ပြုလုပ်ခြင်းကို ဆိုသည်။

(အ) **အများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ ဖျော်ဖြေ တင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြု လိုသည့် နေရာနှင့်အချိန်တွင် အသုံးပြုနိုင်ရန်ပြုလုပ်ခြင်းအပါအဝင် ယင်းတို့ကို ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ၊ အင်တာနက်ဖြင့်ဖြစ်စေ၊ ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(ကက) **အများပြည်သူသို့ဖြန့်ချိခြင်း**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသော ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တို့၏ မူရင်း သို့မဟုတ် မိတ္တူကို ထိတွေ့ကိုင်တွယ်၍ရသောပုံစံအသွင်ဖြင့် ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင် လွှဲပြောင်း၍ ဖြန့်ချိခြင်းကို ဆိုသည်။ ယင်းတွင် ဖြန့်ချိရန်အလို့ငှာ တင်သွင်းခြင်း၊ အင်တာနက်ပေါ်တွင် လွှင့်တင်ခြင်းနှင့် အများပြည်သူသို့ ရောင်းချခြင်းတို့ ပါဝင်သည်။

(ခခ) **ထုတ်ဝေသည့်လက်ရာ**ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏သဘောတူညီချက်ဖြင့်လည်းကောင်း၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့်လည်းကောင်း မိတ္တူပွား၍ ထုတ်ဝေရန်အတွက် ဆောင်ရွက်သည့်လက်ရာကို ဆိုသည်။

(ဂဂ) **အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်**ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) မွေးရာပါအမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်၊

(၂) အမြင်အာရုံ၊ အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည်ရှိသူများနှင့် တန်းတူ မြင်နိုင်စွမ်းရည်တိုးတက်လာခြင်း မရှိသောကြောင့် ပုံနှိပ်စာလုံးများကို ဖတ်နိုင်ခြင်း မရှိသည့် ပုဂ္ဂိုလ်၊

(၃) ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် စာအုပ်ကို ဆုပ်ကိုင်နိုင်ခြင်း သို့မဟုတ် စာဖတ်ရန် ပုံမှန် လက်ခံနိုင်သော အကွာအဝေးအတွင်း မျက်လုံးကိုစူးစိုက်ခြင်း သို့မဟုတ် ရွေ့လျားခြင်း မပြုနိုင်သောပုဂ္ဂိုလ်။

(ဃဃ) **တာဝန်ရှိအဖွဲ့အစည်း**ဆိုသည်မှာ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် ဗဟိုကော်မတီက ခွင့်ပြုထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ငင) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း**ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်များ၊ ဆက်နွယ်သည့် အခွင့်အရေးများကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် မူလလက်ရာရှင်များ၊ စာပေနှင့်အနုပညာမူပိုင်ခွင့် ပိုင်ရှင်များ၊ ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံ၍ ယင်းတို့၏ အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်သော စီမံခန့်ခွဲပေးသည့် အဖွဲ့အစည်းကို ဆိုသည်။

(စစ) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသော မိတ္တူများနှင့် ဤဥပဒေပါ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက် ပြုလုပ်ထားသော မိတ္တူများကို ဆိုသည်။

(ဆဆ) **မူပိုင်ခွင့်တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ဇဇ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေနှင့် အနုပညာဆိုင်ရာထုတ်လုပ်မှု အဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေနှင့် အနုပညာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းတို့၏ဆက်နွှယ်သည့် အခွင့်အရေး များကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေး မြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့် ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဆ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအတွက် တာဝန်ရှိအဖွဲ့အစည်း ဖွဲ့စည်းရန် လျှောက်ထားလာမှုကို စိစစ်ခွင့်ပြုပေးခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) စာပေနှင့်အနုပညာ မူပိုင်ခွင့်စနစ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကိုတင်ပြခြင်း၊

(ဌ) စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## မှတ်ပုံတင်အရာရှိခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ရန် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ဂ) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်း၊

(ဃ) စာပေနှင့်အနုပညာ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) ဗဟိုကော်မတီနှင့်အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်အမှတ် ၂/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)

**လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်စရိတ်၊ အခြားအသုံးစရိတ်၊ စားသောက်စရိတ်နှင့် ခရီးစရိတ်ခံစားခြင်းများဆိုင်ရာ သတ်မှတ်ချက်များအား ပြင်ဆင်ထုတ်ပြန်ခြင်း**

(ဃ) ရဲ ၃၈၆၄ ယာယီရဲမှူး ကေသီလွင် ရဲရေးဌာနကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ၇-၅-၂၀၁၉

(င) ရဲ ၃၆၆၃ ယာယီရဲမှူး သိန်းနိုင် အမှတ် (၁၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၉-၅-၂၀၁၉

(စ) ရဲ ၄၃၀၆ ယာယီရဲမှူး အောင်ခိုင်စိုး လေကြောင်းရဲတပ်ဖွဲ့ ၂၆-၄-၂၀၁၉

(ဆ) ရဲ ၄၆၂၅ ယာယီရဲမှူး ဌေးအောင် အမှတ် (၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၂၄-၄-၂၀၁၉

(ဇ) ရဲ ၄၄၁၉ ယာယီရဲမှူး မီမီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ၂၅-၄-၂၀၁၉

(ဈ) ရဲ ၃၇၀၂ ယာယီရဲမှူး အောင်ဇော်မိုး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ၁၉-၄-၂၀၁၉

(ည) ရဲ ၃၇၂၆ ယာယီရဲမှူး မောင်မောင်မြင့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ၇-၅-၂၀၁၉

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

**သတင်းထုတ်ပြန်ချက် (၁)**

**ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အစွန်းရောက်ဘင်္ဂါလီ (ပြည်ပနိုင်ငံအချို့နှင့် ပြည်ပအဖွဲ့အစည်းအချို့၏ အခေါ် ရိုဟင်ဂျာ) အကြမ်းဖက်သမားများ၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စစ်ဥပဒေချုပ်ရုံး၏ အကြံပြုချက်အရ ထပ်မံစိစစ်ရန် လိုအပ်သဖြင့် တပ်မတော်နည်းဥပဒေများအရ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်း၍ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစတင်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဖြစ်စဉ်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထား၊ အချက်အလက်များကို စုံစမ်းစစ်ဆေးရေးခုံရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်မှတစ်ဆင့်ဖြစ်စေ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးပို့တင်ပြနိုင်ကြောင်းကို စုံစမ်းစစ်ဆေးရေးခုံရုံးက ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ဖိတ်ခေါ်ထားပါသည်။

၃။ စုံစမ်းစစ်ဆေးရေးခုံရုံးက စုံစမ်းစစ်ဆေးမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ တာဝန်ပေးချက်အရ လိုအပ်သည့် သက်သေခံအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာများ၊ ဥပဒေကြောင်းဆိုင်ရာများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများကို အကြံပေးနိုင်ရန် အောက်ပါအဖွဲ့ဝင်များပါဝင်သည့် ဥပဒေအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ် သောင်းနိုင်<br>ဒုတိယစစ်ဥပဒေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း<br>လက်ထောက်စစ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်မှူး မြင့်ဆန်း<br>ဒုတိယလက်ထောက်စစ်ဥပဒေချုပ် | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်ကြီးကျော်ကျော်လင်း<br>ဒုတိယလက်ထောက်စစ်ဥပဒေချုပ် (ဗိုလ်ကြီး) | အဖွဲ့ဝင် |
| (င) | ဗိုလ်ကြီး ဒေါ်သဇင်ဆွေ<br>စစ်ဥပဒေအရာရှိ | အဖွဲ့ဝင် |

၄။ ဥပဒေအကြံပေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မည်သည့်သက်သေများကို စစ်မေးသင့်ကြောင်း အကြံပေးရန်၊

(ခ) မည်သည့်သက်သေခံ အထောက်အထားများ ရယူသင့်ကြောင်း အကြံပေးရန်၊

(ဂ) မည်သည့်အခင်းဖြစ်နေရာသို့ သွားရောက် စစ်ဆေးသင့်ကြောင်း အကြံပေးရန်၊

(ဃ) သက်သေများကို စစ်မေးရာတွင် ကွင်းဆက်မပြတ်စေရေး လိုအပ်သည့် အကြံပေးရန်၊

(င) အခြားဥပဒေကြောင်းဆိုင်ရာ လိုအပ်သည့် အကြံများပေးရန်။

**စစ်ဥပဒေချုပ်**

**ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် ထပ်မံစိစစ်အတည်ပြုရန် စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း**

**သတင်းထုတ်ပြန်ချက် (၂)**

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ရခိုင်ပြည်နယ်အတွင်း ARSA အဖွဲ့မှ ဦးဆောင်သည့် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အနည်းဆုံးအင်အား ၆၂၀၀ ကျော်ခန့်မှ အများဆုံးအင်အား ၁၀၀၀၀ ကျော်ခန့်တို့က မိုင်းထောင်ဖောက်ခွဲခြင်း၊ ဓား၊ လှံ၊ လက်နက်ငယ်၊ လက်လုပ်မိုင်းများဖြင့် အင်အားသုံး၍ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသတို့ရှိ တပ်မတော်တပ်ဌာနချုပ်

တစ်ခုနှင့် ရဲကင်းစခန်း ၃၀ ခုအပါအဝင် ရခိုင်တိုင်းရင်းသားကျေးရွာများအားလုံးနီးပါးသို့ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ခြင်းအား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ဆောင်ခဲ့ပါသည်။ ယင်းနေ့တစ်ရက်တည်းတွင်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှု ဖြစ်စဉ် ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး မိမိဘက်မှ စစ်သည် ၁ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁ ဦး၊ ပေါင်း ၁၂ ဦး နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရပြီး အချို့ထိခိုက်ဒဏ်ရာများရရှိကာ ရဲကင်းစခန်းများမှ လက်နက်ငယ် ၆ လက် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများထံ ပါရှိသွားခဲ့သည့်အပြင် ဒေသခံအရပ်သားများစုစုပေါင်း ၁၃၀ ဦးမှာလည်း ရက်ရက်စက်စက် လူမဆန်စွာ အသတ်ခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ အကြမ်းဖက်တိုက်ခိုက်မှုများကို ဖော်ထုတ်ရန်၊ ၎င်းတို့ ယူဆောင်သွားသော လက်နက်ခဲယမ်းများအမြန်ပြန်လည်သိမ်းဆည်းရရှိစေရန်နှင့် ဒေသခံပြည်သူများ၏ လုံခြုံရေးအတွက် တပ်မတော်သားများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နယ်မြေလုံခြုံရေးတာဝန်များ ဆောင်ရွက်ခဲ့ရပါသည်။

၂။ ယင်းသို့ ဆောင်ရွက်ရာတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ရာ၌ ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက်ညွှန်ကြားချက်တစ်ရပ်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က သက်ဆိုင်ရာကွပ်ကဲမှုဌာနချုပ်များသို့ညွှန်ကြားခဲ့ပါသည်။

၃။ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေခဲ့ပါသည်။ ဖော်ထုတ်ချက်များအရ နယ်မြေဒေသလုံခြုံရေးအတွက် ကွပ်ကဲစီမံအုပ်ချုပ်ဆောင်ရွက်မှုနှင့် လုံခြုံရေးသတင်းများ ကြိုတင်လက်ဦးဖော်ထုတ်ရယူနိုင်မှု အားနည်းချက်များကိုလည်း တွေ့ရှိရသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများကိုလည်းလိုအပ်သလို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ဖြစ်စဉ်များအား စုံစမ်းစစ်ဆေးခဲ့သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာများအပေါ် စစ်ဥပဒေချုပ်ရုံးက လေ့လာသုံးသပ် အကြံပြုတင်ပြချက်များအရလည်းကောင်း၊ Human Rights Watch အဖွဲ့၊ Amnesty International အဖွဲ့နှင့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ Fact Finding Mission တို့၏ စွပ်စွဲရေးသားဖော်ပြသော အစီရင်ခံစာများအပေါ် စစ်ဥပဒေချုပ်ရုံးက လေ့လာသုံးသပ်အကြံပြုတင်ပြချက်များအရလည်းကောင်း အစီရင်ခံစာအသီးသီး၏ ရေးသားဖော်ပြချက်များကို ထပ်မံစိစစ် အတည်ပြုရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ ဖြစ်စဉ်အသီးသီးအပေါ် ထပ်မံစိစစ်အတည်ပြုရန် အောက်ပါအဖွဲ့ဝင်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်း၍ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် စတင်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဗိုလ်ချုပ် | မြတ်ကျော် | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီး | ကျော်ကျော်နိုင် | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်မှူးကြီး | သန်းနိုင် | အဖွဲ့ဝင် |

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

## တပ်မတော်က ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် စုံစမ်းစစ်ဆေးရေးခုံရုံးထံ အချက်အလက်များ ပေးပို့တင်ပြနိုင်ကြောင်း သတင်းထုတ်ပြန်ချက် (၃)

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်က ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်အတည်ပြုရန် အဖွဲ့ဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးခုံရုံးကို တပ်မတော်နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစတင်ကာစိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ ဖြစ်စဉ်များနှင့်စပ်ဆိုင်သော သက်သေခံချက်များ၊ မှတ်တမ်းဓာတ်ပုံ၊ အထောက်အထား၊ အသံဖိုင်၊ ဗီဒီယိုဖိုင် အစရှိသည်တို့ကို စုံစမ်းစစ်ဆေးရေးခုံရုံးက စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ပေးပို့တင်ပြကြပါရန် စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့က ဖိတ်ခေါ်ပါသည်။

၃။ အချက်အလက်များပေးပို့ရာတွင် အောက်ပါအချက်အလက်များကို ပူးတွဲ၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည် -

(က) ပေးပို့သူအမည်နှင့် အသေးစိတ် အချက်အလက်များ (လိပ်စာ၊ ဖုံးနံပါတ်၊ အီးမေးလ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အခြားသက်သေခံကတ်ပြားမိတ္တူ)၊

(ခ) ဖြစ်စဉ်များနှင့်သက်ဆိုင်သည့် သက်သေခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ မှတ်တမ်းဓာတ်ပုံများ။

၄။ တင်ပြပေးပို့လာသည့် အချက်အလက်များ ခိုင်လုံမှုရှိစေရန်အတွက် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးခုံရုံး၏ တွေ့ဆုံစိစစ်မှုများကို ခံယူရမည်ဖြစ်ပါသည်။ လူကိုယ်တိုင်ထွက်ဆိုချက်ပေးလိုပါကလည်း အောက်ပါလိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည် -

(က) အီးမေးလ်လိပ်စာ၊ ndcadmdep@gmail.com

(ခ) စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့လိပ်စာ -

(၁) အုပ်ချုပ်မှုဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။

(၂) စစ်ဗျူဟာအဖွဲ့ (အခြေချ) (ဘူးသီးတောင်)၊ ဘူးသီးတောင်မြို့။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

အမှတ် ၆၂။ ။ ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အောက်ဖော်ပြပါ အမှုထမ်း (၅) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဦးကျော်ထိုက်စိုး | အကြီးတန်းသတင်းထောက် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | စာတည်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးမျိုးမင်းသော် | ကြီးကြပ်ရေးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | လက်ထောက်မန်နေဂျာ (ပုံနှိပ်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဒေါ်ဝင်းဝင်းမော် | အကြီးတန်းသတင်းထောက် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | စာတည်း (ဓာတ်ပုံ) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဒေါ်သီသီမင်း | အကြီးတန်းသတင်းထောက် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | သတင်းထောက်မှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဒေါ်ခင်ရတနာ | အကြီးတန်းသတင်းထောက် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | စာတည်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၁၁၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - ၆၀၆-A/သိန်ကွင်း၊ ဦးပိုင်အမှတ် (၁/၁^က + ၁/၁^ခ) မှ **မြေဧရိယာ ၄. ၆၀ ဧက** အား **မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် (၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၁၂/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တဘက်ဆွဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၆/ရွာသစ်အရှေ့၊ ဦးပိုင်အမှတ် (၁၅၅/၂) မှ မြေဧရိယာ (၀. ၃၈) ဧက၊ ဦးပိုင်အမှတ် (၁၅၆/၁) မှ မြေဧရိယာ (၀. ၃၁) ဧက၊ ဦးပိုင်အမှတ် (၁၅၆/၂) မှ မြေဧရိယာ (၂. ၇၁) ဧက၊ ဦးပိုင်အမှတ် (၁၅၇/၂) မှ မြေဧရိယာ (၀. ၂၇) ဧက၊ ဦးပိုင်အမှတ် (၁၅၇/၃) မှ မြေဧရိယာ (၁. ၃၃) ဧက၊ **စုစုပေါင်း မြေဧရိယာ (၅. ၀၀) ဧက** အား အကောက်ခွန်ဦးစီးဌာန၊ **စဉ့်ကိုင်မြို့နယ်အကောက်ခွန်ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၉၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ခရိုင်အုပ်ချုပ်ရေးမှူး (၂) ဦးတို့အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါဒေသများသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးထွန်းဇော် (ပ/၃၂၈၇)<br>အုပ်ချုပ်ရေးမှူး<br>ကန့်ဘလူခရိုင် | ကချင်ပြည်နယ် |
| (ခ) | ဦးနေလင်း (ပ/၄၉၃၅)<br>အုပ်ချုပ်ရေးမှူး<br>သရက်ခရိုင် | နေပြည်တော် |

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၎င်းတို့၏ မူလတာဝန်ဝတ္တရားများ စတင်စွန့်လွှတ်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့ခန့်ထားမည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်တင်တင်ဝေ<br>ဦးစီးအရာရှိ (ကွန်ပျူတာ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံရေးဌာနစု<br>စီမံရေးရာဌာနခွဲ<br>အနုပညာဦးစီးဌာန | <br>ဦးစီးအရာရှိ (လေ့ကျင့်ရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အနုပညာအထက်တန်းကျောင်း (ရန်ကုန်)<br>လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ<br>အနုပညာဦးစီးဌာန |
| (ခ) | ဒေါ်စန်းစန်းသော်<br>ဦးစီးအရာရှိ (လေ့ကျင့်ရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အနုပညာအထက်တန်းကျောင်း (ရန်ကုန်)<br>လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ<br>အနုပညာဦးစီးဌာန | <br>ဦးစီးအရာရှိ (ကွန်ပျူတာ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံရေးဌာနစု<br>စီမံရေးရာဌာနခွဲ<br>အနုပညာဦးစီးဌာန |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု)၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစန်းဦးအား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး (သမဝါယမကဏ္ဍ) မှ ရုံးအုပ် ဒေါ်စောမိုးလှိုင် အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (စီမံ)၊

လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး (သမဝါယမကဏ္ဍ) မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်လွင်လွင်ချမ်း

(၂) ဦးဇော်မင်းဦး

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

**မွန်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၈ ဖြင့် ဖွဲ့စည်းပေးခဲ့သော **မွန်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**မွန်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးရွှေမြင့် (ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၄) | ဒေါ်စံဝင့်ခိုင် (ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးအောင်မြင့်ခိုင် (ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးစံကြည်<br>သထုံမြို့နယ်တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးဇော်ဝင်း<br>မုဒုံမြို့နယ်တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၈) | ဦးစိုးသန်းအေး<br>ပြည်နယ်ဦးစီးမှူး (ငြိမ်း)<br>မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | ပြည်နယ်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဧက ၃၀၀ ထက် မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသောကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၅၀ အထက် လျှောက်ထားခြင်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်း၊ အစိုးရက ခွင့်ပြုသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လျှောက်ထားခြင်းများကို စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်ပါ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ အရ သတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ် ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်ပါ အများပြည်သူနှင့်တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ် ဆောင်ရွက်ခြင်း၊

(ဆ) ဗဟိုကော်မတီနှင့် ပြည်နယ်စီမံခန့်ခွဲရေးကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ရမည့် သီးခြားအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်း တင်ပြခြင်း၊

(ဇ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ် ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော် လည်းကောင်း၊ ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံး ပြုရမည့်ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက် နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ည) ဗဟိုကော်မတီနှင့်ပြည်နယ်စီမံခန့်ခွဲရေးကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရမည့် အထူးအဖွဲ့ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ အဆိုပြု အမည်စာရင်း တင်ပြခြင်း၊

(ဋ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ အာမခံကြေး ပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန် စည်းကြပ်ကောက်ခံခြင်း ဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်း၊

(ဍ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်း၊

(ဎ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဒေါက်တာအောင်သူ

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရာထူးနေရာများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ရှုအေး<br>လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>လူ့စွမ်းအားအရင်းအမြစ်ဌာန<br>စီမံရေးရာနှင့် ဥပဒေရေးရာဌာနကြီး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဝန်ဆောင်မှုဌာန<br>စီးပွားရေးဌာနကြီး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |
| (ခ) | ဦးစိုးမိုး<br>ဒုတိယအင်ဂျင်နီယာချုပ်<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဆက်သွယ်ရေးနည်းပညာဌာန<br>နည်းပညာဌာနကြီး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အင်ဂျင်နီယာချုပ်<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဆက်သွယ်ရေးနည်းပညာဌာန<br>နည်းပညာဌာနကြီး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၅၅၀,၀၀၀/-) ဦးခင်မောင်ထွန်း က ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၅၅၀,၀၀၀/-) ဦးခင်မောင်ထွန်း အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်ဖော်ပြပါ အရာထမ်းအား ၎င်းနှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|
| ဦးဇာနည်အောင် | |
| ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) | (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) |
| ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့် | အရင်းအမြစ်၊ ရေဒီယိုလှိုင်းနှုန်းစဉ် |
| စံချိန်စံညွှန်းဌာန | ကြီးကြပ်ရေးဌာနကြီး |
| ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၆,၀၀၃) ဧကရှိသောနယ်မြေကို "နန်မောင်ခမ်းကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ နန်မောင်ခမ်းချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (SF-243939) မှအစပြု၍ ဟုမ္မလင်း၊ လေရှီး မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-253929) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ (၁) မိုင်ခန့်လာရာ တောင်ကုန်းအမြင့် (5641) ပေ ခန့်မှန်းမြေပုံညွှန်း (SF-268931) အထိ၊ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-270927) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-281921) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း အရှေ့

မြောက်ဘက်သို့ (၂) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-306946) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-309945) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ (၃) မိုင် (၃) ဖာလုံခန့်လာရာ အမြင့်ပေ (၃၁၄၆) ခန့်မှန်းမြေပုံညွှန်း (SF-345974) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-351974) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-363947) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-399938) အထိ။

အရှေ့ဘက် ။ ။ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-402926) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နန်ဆွန်ဆာချောင်းကို ဖြတ်၍ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-385904) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ နန်ဆွန်ဆာရေဝေခင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-399895) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-390883) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ နန်မောင်ခမ်းချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (SF-397873) အထိ။

တောင်ဘက် ။ ။ ထိုမှ နန်မောင်ခမ်းချောင်းကိုဖြတ်၍ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-382864) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-377864) အထိ၊ ထိုမှ မြောက်ယွန်းယွန်းသို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-377869) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-363858) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-350852) အထိ၊ ထိုမှ အနောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-334852) အထိ၊ ထိုမှ တောင်ဘက်သို့ ခင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-334844) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ နန်စဂန်ချောင်း ခန့်မှန်းမြေပုံညွှန်း (SF-330841) အထိ၊ ထိုမှ အနောက်ဘက်သို့ နန်စဂန်ချောင်း ချောင်းဖျားအတိုင်း (၁) မိုင် (၆) ဖာလုံခန့် ဆန်တက်လာရာ သဝန်တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၉ နှင့် ၁၀) ထိစပ်သည့် ခန့်မှန်းမြေပုံညွှန်း (SF-300845) အထိ၊ ထိုမှ နန်စဂန်ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-292861) အထိ။

အနောက်ဘက် ။ ။ ထိုမှ နန်စဂန်ချောင်းအတိုင်း အနောက်ဘက်ချောင်းဖျားသို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-276865) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မြို့နယ် နယ်နိမိတ်အတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-255872) အထိ၊ ထိုမှ မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-256882) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ်အတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-262890) အထိ၊ ထိုမှ နယ်နိမိတ်အတိုင်း နန်မောင်ခမ်းချောင်းအဖျား ခင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-250897) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-248895) အထိ၊ ထိုမှ မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ်အတိုင်း (၂) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-245934) အထိ၊ ထိုမှ အနောက်ဘက်သို့ မြို့နယ်နယ်နိမိတ်အတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SF-239938) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (SF-243939) အထိ။

## ၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်း

များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊<br>ဟုမ္မလင်းမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးတင်လှိုင်<br>ဒေသခံပြည်သူ၊ ဟင်နောင်ကျေးရွာ၊ ဟုမ္မလင်းမြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးသန်းညွန့်<br>ဒေသခံပြည်သူ၊ ဟင်နောင်ကျေးရွာ၊ ဟုမ္မလင်းမြို့နယ် | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ဦးစီးမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၁၈)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၁,၅၂၀) ဧကရှိသောနယ်မြေကို “တောင်ယမားဆည် ရေဝေရေလဲကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တကြီးချောင်းနံဘေး ခန့်မှန်းမြေပုံညွှန်း (PJ-၈၉၂၅၂၄) မှ အရှေ့မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၁၅၃၀) ထိ၊ ထိုမှ အရှေ့ယွန်းယွန်းသို့ (၄.၅) ဖာလုံခန့်လာရာ ငပျိုအောင်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၁၅၃၀) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၁၉၅၅) ထိ၊ ထိုမှ အရှေ့တောင်

ယွန်းယွန်းသို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၃၆၅၅၁) ထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၄၇၅၅၉) ထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၅၇၅၆၃) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၇၄၅၆၇) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ပန်းတော်ပြင်ကျေးရွာ အနောက်မြောက်ဘက် (၆) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၃၅၅၆) ထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ တောသွားလှည်းလမ်းအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၈၅၄၈) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ပန်းတော်ပြင် ချောင်းရိုးဆုံ ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၅၅၄၄) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၇၉၅၃၇) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ငွေးအောင်ရွာနှင့် တောင်စလောင်း - သီးပင်ကိုင်းလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (PJ-၉၉၄၅၂၉) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ နဘင်းချောင်းအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Pk-၀၁၇၅၁၆) ထိ၊ ထိုမှ တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Pk-၀၁၆၅၀၈) ထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ တောင်စလောင်းရွာမှ ကျောင်းတိုက်ရွာသွား လှည်းလမ်းဟောင်းနှင့်ဆုံသည့်နေရာ ခန့်မှန်းမြေပုံညွှန်း (Pk-၀၀၄၅၀၁) ထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၀၀၃၅၀၄) အထိ၊ ထိုမှ အနောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ တောင်စလောင်းရွာ၏ အရှေ့မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (PJ-၉၉၇၅၀၃) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၅) ဖာလုံခန့်လာရာ တောင်စလောင်းရွာနှင့် ငွေးအောင်ရွာသွားသော လှည်းလမ်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၉၅၀၂) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ တောင်စလောင်းရွာ မြောက်ဘက်လမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၆၄၉၅) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၅) မိုင်ခန့်လာရာ မယ်ဇလီထူးချောင်းဖျားနှင့် လှည်းလမ်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၄၆၄၈၆) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ပြေချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၃၁၄၉၈) ထိ၊ ထိုမှ အနောက်ဘက်သို့ ချောင်းမရွာသွားလှည်းလမ်းကိုဖြတ်၍ (၁. ၅) မိုင်ခန့်လာရာ ပျဉ်းဝင်းရွာ အရှေ့မြောက်ဘက် ပျဉ်းဝင်း - ကျောက်စောင်းရွာသွား လှည်းလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၁၅၄၉၈) ထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၁၄၅၀၁) ထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၁၀၅၀၀) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်း ယာခင်းများကိုကွေ့ဝိုက်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၁၅၁၂) ထိ၊ ထိုမှ လှည်းလမ်းအတိုင်း တောင်ဘက်သို့ ပျဉ်းဝင်ချောင်းကိုဖြတ်၍ (၁) မိုင် (၂) ဖာလုံခန့်လာရာ ပျဉ်းဝင်း-သီးတုံးရွာကူး လှည်းလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၀၄၉၄) ထိ၊ ထိုမှ အနောက်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၉၅၄၉၃) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ သံတောင်ခြေ ခန့်မှန်းမြေပုံညွှန်း (PJ-၈၈၇၅၀၆) ထိ၊ ထိုမှ တောင်ဘက်သို့ သံတောင်ခြေအတိုင်း (၁) မိုင်ခန့်လာရာ သီးတုံးရွာမြောက်ဘက် သံတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (PJ-၈၈၇၄၉၃) ထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၈၈၃၅၀၇) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ငါးမြောင်းချောင်းခွနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၈၈၀၅၁၈) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ငါးမြောင်းချောင်းအားဖြတ်၍ သံတောင်ခြေအတိုင်း (၁. ၅) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PJ-၈၉၂၅၂၄) ရောက်သည်အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များ အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက် များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြိုင်မြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြိုင်မြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးသန်းမြင့်<br>ဒေသခံပြည်သူ၊ သီးတုန်းကျေးရွာအုပ်စု၊ မြိုင်မြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးညွန့်ဝင်း<br>ဒေသခံပြည်သူ၊ ဒွေးအောင်ကျေးရွာအုပ်စု၊ မြိုင်မြို့နယ် | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ မြိုင်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၁၈)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇,၂၃၀) ဧကရှိသောနယ်မြေကို “တန့်ကြည့်တောင်တိုးချဲ့ (၄) ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက် (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ စိုင်ဖြူရွာ၏ အရှေ့ဘက် (၅) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (P-038641) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ တန့်ကြည့်တောင်တိုးချဲ့ (၃) ကြိုးပြင်ကာကွယ်တော နယ်နိမိတ် (စိုင်ဖြူ-အရာတော်သွားကားလမ်းကြမ်း) အတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ တန့်ကြည့်တောင်

တိုးချဲ့ (၃) ကြိုးပြင်ကာကွယ်တောနှင့် တန့်ကြည့်တောင်တိုးချဲ့ (၂) ကြိုးပြင်ကာကွယ်တောနယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-057643) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခင်ကြောရှိ ပခုက္ကူ-ဆိပ်ဖြူသွားကားလမ်းအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ကံတွင်း-အရာတော်သွားကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-073627) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-083612) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-093610) အထိ။

အရှေ့ဘက် ॥ ॥ ထိုမှ အရှေ့တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-098600) နေရာ ကုက္ကိုလ်ချောင်းရိုးဝွဆုံအထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-096580) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ပခုက္ကူ-ဆိပ်ဖြူ ရထားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (P-102571) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ရထားလမ်းကိုဖြတ်၍ (၇) ဖာလုံခန့်လာရာ ထန်းချောက်ပင်ရွာ၏ အနောက်ဘက် ခန့်မှန်းမြေပုံညွှန်း (P-095560) နေရာထိ၊ ထိုမှ အရှေ့တောင်ဘက်စူးစူးသို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-103550) အထိ၊ ထိုမှ တောင်ဘက်သို့ ကျောက်ဆောင်းရွာ အနောက်ဘက် ကျောက်ဆောင်းရိုးကိုဖြတ်၍ (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-111517) အထိ။

တောင်ဘက် ॥ ॥ ထိုမှ အနောက်ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-095516) အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ကျောက်ဆောင်းရိုးဖျား ခန့်မှန်းမြေပုံညွှန်း (P-080530) အထိ။

အနောက်ဘက် ॥ ॥ ထိုမှ မြောက်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ ပခုက္ကူ-ဆိပ်ဖြူရထားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-080540) အထိ၊ ထိုမှ ရထားလမ်းကိုဖြတ်၍ ချိုင့်-ချင်းငယ်ကျေးရွာသွားကားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-078547) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ရထားလမ်းကိုဖြတ်၍ ယောချောင်းနံဘေးတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-080560) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-065580) နေရာထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-071590) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ကံတွင်းချောင်းရိုးထိပ် ခန့်မှန်းမြေပုံညွှန်း (P-070600) အထိ၊ ထိုမှ အနောက်စူးစူးသို့ (၅) ဖာလုံခန့်လာရာ ကံတွင်း- အရာတော်သွားကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-058601) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကံတွင်း-အရာတော်ကားလမ်းအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-056609) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-051614) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဆင်သေရိုးကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-043616) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (P-038641) နေရာရောက်သည်အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်

နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **ရာထူး** | **တာဝန်** |
|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပခုက္ကူမြို့နယ် | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပခုက္ကူမြို့နယ် | အဖွဲ့ဝင် |
| ၄။ | ဦးအောင်လွင်<br>ဒေသခံပြည်သူ၊ ဆိက္ခဝကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ် | အဖွဲ့ဝင် |
| ၅။ | ဦးစံဝင်းအောင်<br>ဒေသခံပြည်သူ၊ လမ်းရွာကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ် | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပခုက္ကူမြို့နယ် | အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို “မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ” ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများတွင်ပါရှိသည့် “သတ္တုတွင်းဝန်ကြီးဌာန” ဆိုသည့်စကားရပ် အသီးသီးကို “ဝန်ကြီးဌာန” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ (စ) ကို ပယ်ဖျက်ရမည်။

၄။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၇။ (ဂ) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန်လျှောက်ထားလာပါက စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။”

၅။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) တွင်ပါရှိသော “ကျပ်သိန်း နှစ်ဆယ်” ဆိုသည့်စကားရပ်အသီးသီးကို “၁၀၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ)” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၁၊ နည်းဥပဒေ ၁၂ နှင့် နည်းဥပဒေ ၁၃ တို့အား ပယ်ဖျက်ရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) တွင် ပါရှိသော "နည်းဥပဒေ ၁၂ အရ" ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၁၅ အရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) နှင့် နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (က) တို့တွင်ပါရှိသော "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်အသီးသီးကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၆) တွင်ပါရှိသော "သက်ဆိုင်ရာပြည်နယ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (က) တွင်ပါရှိသော "နည်းဥပဒေ ၂၄ အရ" ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၂၅ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇ အား ပယ်ဖျက်ရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၈ အား အောက်ပါအတိုင်း အစားထိုး ရမည် -

"၃၈။ (က) ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အရင်းကျေကာလ သို့မဟုတ် လုပ်ငန်းစတင်သည်မှ ၇ နှစ်ထက်မပိုသောကာလ၊ ထိုကာလနှစ်ရပ်အနက် စောရာကာလတွင် ရင်းနှီးမြှုပ်နှံမှု၏ တစ်ရာခိုင်နှုန်းကိုလည်းကောင်း၊ ယင်းကာလ၏နောက်ပိုင်းတွင် အမြတ်၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နှစ်စဉ် ထည့်ဝင်၍ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရမည်။

(ခ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ခွင့်ပြုမိန့်ရရှိသူအား ခွင့်ပြုမိန့် ထုတ်ပေးပြီးနောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း စတင်ချိန်မှ ၃ လအတွင်း ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကို လုပ်ငန်းတည်ရှိရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဘဏ် စာရင်းဖွင့်လှစ်စေရမည်။

(ဂ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ၏ ကိုယ်စားလှယ်တစ်ဦးတို့၏အမည်ဖြင့် ငွေစုဘဏ် စာရင်း ဖွင့်လှစ်ရမည်။

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ဆောင်မှုများကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ခွင့်ပြုမိန့် ရရှိသူတို့က ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ရမည်။

(င) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေကို ထုတ်ယူသုံးစွဲမည်ဆိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန၏ သဘောတူညီချက် ရယူရမည်။

(စ) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ ပုလဲမွေးမြူထုတ်လုပ်ရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်စဲသို့မဟုတ် ဖျက်သိမ်းလျှင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပြီးမှသာလျှင် အပြီးသတ်ပိတ်သိမ်းရမည်။"

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)

၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၉ နှင့် ၂၀ တို့အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် ခုံသမာဓိကောင်စီဝင်အလုပ်ရှင်ကိုယ်စားလှယ် ဦးညွန့်စိန် **အစား** ဒေါ်မြတ်မြတ်ကျော် အားအောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

**(က) ဝန်ကြီးဌာနမှ ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဒေါက်တာသန်းဝင်း
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(၂) ဒေါ်စန်းစန်း
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၃) ဦးဖေအောင်ဝန်
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၄) ဦးသောင်းစိန်
ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(၅) ဦးအောင်သန်း
တိုင်းဒေသကြီးဦးစီးမှူး (ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

**(ခ) အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဦးထွန်းအောင်
ဒုတိယဥက္ကဋ္ဌ (ငြိမ်း)
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၂) ဦးသန်းမောင်
ဥပဒေပညာရှင်
တရားလွှတ်တော်ရှေ့နေ

(၃) ဒေါက်တာစောယုဝင်း
တရားလွှတ်တော်ရှေ့နေ
အကြီးတန်းအကြံပေး
Allen & Gledhill (Myanmar) Co., Ltd

(၄) ဒေါ်မြတ်မြတ်ကျော်
ညွှန်ကြားရေးမှူး (ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး (တရားလွှတ်တော်ရှေ့နေ)

(၅) ဦးလှထွန်းခိုင်
သင်တန်းဆရာ (Freelance Trainer)

**(ဂ) အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး**

(၁) ဦးတင်ထွန်း
အငယ်တန်းအင်ဂျင်နီယာ (ငြိမ်း)
အမှတ် (၁) ကြေးနီသတ္တုတွင်း၊ ကြေးစင်တောင်

(၂) ဦးရဲကျော်သူ
အရောင်းအဝယ်

(၃) ဦးသင်းမောင်ဆွေ
ငွေစာရင်းကိုင် (ငြိမ်း)
အကောက်ခွန်ဦးစီးဌာန

(၄) ဦးမောင်မောင်အေး
စာရေးဆရာ/ကျောင်းဆရာ
ပညာဒါနသင်

(၅) ဦးသိန်းကြွယ်
ကျွမ်းကျင် (၅) (ငြိမ်း)
ဆေးဝါးစက်ရုံ

၂။ ခုံသမာဓိကောင်စီဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသောအဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်ခြင်း၊

(ခ) လက်ခံရရှိသည့်အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီဝင် ပုဂ္ဂိုလ်များအနက်မှ သုံးဦးပါဝင်သော ခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊

(ဂ) ခုံသမာဓိအဖွဲ့နှင့် ခုံအဖွဲ့တို့က ဆောင်ရွက်ရမည့် လုပ်ငန်းနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ခြင်း။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုများဖြေရှင်းရန် အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၈) ဖြင့် ဖွဲ့စည်း

ခဲ့သည့် ချင်းပြည်နယ် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင် ဦးအောင်လွင် **အစား** ဦးဟုန်းကီး အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးနေထီးရိုး<br>ဒုတိယဦးစီးမှူး (ငြိမ်း)<br>သမဝါယမဦးစီးဌာန၊ ချင်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဒင်ခေါဇမ်း<br>စာရေးကြီး (ငြိမ်း)၊ သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးချဲဘူ<br>ကုန်သည် | အဖွဲ့ဝင် |
| (ဃ) | ဦးကောလ်လွယ်<br>မန်နေဂျာ (ငြိမ်း)၊ အစိုးရဝန်ထမ်းပေါင်းစုံသမအသင်း | အဖွဲ့ဝင် |
| (င) | ဦးထွေးထန်<br>အငယ်တန်းစာရေး (ငြိမ်း)၊<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကီးတမ်<br>တရားလွှတ်တော်ရှေ့နေ (ငြိမ်း) | အဖွဲ့ဝင် |
| (ဆ) | ဦးဗန်ကျင်း<br>ပညာရေးဌာန (ငြိမ်း) | အဖွဲ့ဝင် |
| (ဇ) | ဦးဟုန်းကီး<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ဦးရှန်မန်း<br>ပညာရေး (ငြိမ်း) | အဖွဲ့ဝင် |
| (ည) | ဦးချန်ပုမ်း<br>တရားလွှတ်တော်ရှေ့နေ (ငြိမ်း) | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းထွန်းဦး<br>ဦးစီးအရာရှိ<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊<br>ချင်းပြည်နယ် | အတွင်းရေးမှူး |

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈-၂၀၁၉) ၏ သဘောတူညီချက်အရ ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်

နေသော အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ တစ်ဆင့်မြင့်ရာထူးနေရာ အသီးသီးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဦးအေးလွင် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) စက်မှုဖွံ့ဖြိုးရေးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန [မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ၊ ဝန်ကြီးရုံး (တွဲဖက်)] | လက်ထောက်အတွင်းဝန် (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ၊ ဝန်ကြီးရုံး |
| (၂) | ဒေါ်မြင့်မာလာသိန်း | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး | လက်ထောက်အတွင်းဝန် (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး |

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၃၁၅ ဦးခင်မောင်သန်း အား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် လစ်လပ်မည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်ပြီး အဆောက်အဦဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၇၆ ဒေါ်မြင့်မြင့်စိန် အား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ လစာနှုန်း

(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/ ၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

**မြောက်ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ရာ ရွေးချယ်တင်မြှောက်ခံရသူများအပါအဝင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် မြောက်ပိုင်းခရိုင်စည်ပင်သာယာနယ်မြေအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၁၀။ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) အရ ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

၁။ **ကမာရွတ်မြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဒေါ်သန်းသန်းဌေး | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်ခင်ချို | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးရန်နိုင်စိုးအောင် | အဖွဲ့ဝင် (၃) |
| (င) | ဦးရဲအောင်လွင် | အတွင်းရေးမှူး |

၂။ **မရမ်းကုန်းမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဦးစိန်ထွန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဇင်လတ် | အဖွဲ့ဝင် (၁) |
| (ဂ) | ဒေါ်မိုင်နှင်းဝတ်ရည် | အဖွဲ့ဝင် (၂) |
| (ဃ) | ဦးမြင့်ဦးမောင် | အဖွဲ့ဝင် (၃) |
| (င) | ဦးအေးသောင်း | အတွင်းရေးမှူး |

၃။ **မင်္ဂလာဒုံမြို့နယ်**

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| (က) | ဒေါ်ကြည်ကြည်ဝေ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ကျော်ထွန်း | အဖွဲ့ဝင် (၁) |
| (ဂ) | ဦးသန်းနိုင်စိုး | အဖွဲ့ဝင် (၂) |

| စဉ် အမည် | တာဝန် |
|---|---|
| (ဃ) ဦးသန်းချစ်အေး | အဖွဲ့ဝင် (၃) |
| (င) ဦးသန်းဦး | အတွင်းရေးမှူး |

၄။ **ရွှေပြည်သာမြို့နယ်**

| စဉ် အမည် | တာဝန် |
|---|---|
| (က) ဦးသိန်းဇံ | ဥက္ကဋ္ဌ |
| (ခ) ဦးသီဟသူ | အဖွဲ့ဝင် (၁) |
| (ဂ) ဦးသိန်းထိုက် | အဖွဲ့ဝင် (၂) |
| (ဃ) ဦးမိုးကျော်အောင် | အဖွဲ့ဝင် (၃) |
| (င) ဦးညွန့်ဝင်း | အတွင်းရေးမှူး |

၅။ **လှိုင်မြို့နယ်**

| စဉ် အမည် | တာဝန် |
|---|---|
| (က) ဦးဖေစိုး | ဥက္ကဋ္ဌ |
| (ခ) ဒေါ်သန်းသန်းဆင့် | အဖွဲ့ဝင် (၁) |
| (ဂ) ဦးသန့်ဇင်လတ် | အဖွဲ့ဝင် (၂) |
| (ဃ) ဦးစိုင်းအောင်ထွန်း | အဖွဲ့ဝင် (၃) |
| (င) ဦးမြင့်ဝင်း | အတွင်းရေးမှူး |

၆။ **လှိုင်သာယာမြို့နယ်**

| စဉ် အမည် | တာဝန် |
|---|---|
| (က) ဦးစိုးသိန်းအောင် | ဥက္ကဋ္ဌ |
| (ခ) ဒေါ်ခင်နှင်းယု | အဖွဲ့ဝင် (၁) |
| (ဂ) ဦးဇော်အောင် | အဖွဲ့ဝင် (၂) |
| (ဃ) ဦးချစ်ကိုကိုလင်း | အဖွဲ့ဝင် (၃) |
| (င) ဦးဝင်းနိုင် | အတွင်းရေးမှူး |

၇။ **အင်းစိန်မြို့နယ်**

| စဉ် အမည် | တာဝန် |
|---|---|
| (က) ဦးသိန်းသန်း | ဥက္ကဋ္ဌ |
| (ခ) ဦးလင်းအောင်ဟိန်း | အဖွဲ့ဝင် (၁) |
| (ဂ) ဦးစိုးလွင် | အဖွဲ့ဝင် (၂) |
| (ဃ) ဦးအောင်အောင် | အဖွဲ့ဝင် (၃) |
| (င) ဦးဝင်းနိုင် | အတွင်းရေးမှူး |

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

အမှတ် ၇၃/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကြည်သိန်း ကြည်း ၇၄၆၅၁

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

အမှတ် ၇၄/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

တင်ဆန်းဝင်း ကြည်း ၇၄၆၅၂

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

အမှတ် ၇၆/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) ကံမြင့် ကြည်း ၇၄၆၅၃

(၂) မြင့်ကြိုင် ကြည်း ၇၄၆၅၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

အမှတ် ၆ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း၊ သမိုင်းဌာနမှ လက်ထောက်ကထိက ဦးစိုင်းမောင်ခမ်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၄၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၉၉/ချောင်းဝန်း၊ ဦးပိုင်အမှတ် (၃၀/က၁)၊ မြေဧရိယာ **(၀. ၄၅) ဧက** အား **ဇေယျသုခ ဟားခါး ကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်)

အမှတ် ၈ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၁၄၅၅/၂၀၁၉) (လဆ) အရ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းဌေးအောင် အား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၉ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၄) (၁၃၉၄/၂၀၁၉) (လဆ) အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင် (၁) ဒေါ်မြင့်မြင့်ခိုင် အား လက်ရှိရုံးတွင်ပင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးသို့ အမှန်တကယ် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၉၈၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

### ပုဂ္ဂလိကကျွန်းစိုက်ခင်းမြေဧရိယာ (၁၀၀) ဧက အား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၇) အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ စိတ္တရမဟီရပ်၊ ၇၄ × ၇၅ လမ်းကြား၊ ၂၇ လမ်း၊ အမှတ် (၃၈) တွင် တည်ရှိသော သပြေအောင် (မိုးကုတ်) ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးကြည်အောင် (၉/မကန (နိုင်) ၀၄၄၁၃၆) သို့ တည်ထောင်ခွင့်ပြုထားသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကြိုးဝိုင်း၊ အကွက်အမှတ် (၈) အတွင်း မြေဧရိယာဧက ၁၀၀ အား လုပ်ငန်းရှင်မှပြန်လည်အပ်နှံလာသည့်အတွက် ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်လုပ်ကိုင်ခွင့်ရသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများပါ အပိုဒ် (၅) အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၉၉၀/၂၀၁၉)

### ပုဂ္ဂလိကကျွန်းစိုက်ခင်းမြေဧရိယာ (၁၀၀) ဧက အား ပြန်လည်သိမ်းဆည်းခြင်းကိစ္စ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၈) အရ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်၊ ၇၈ × ၇၉ လမ်းကြား၊ ၃၈ × ၃၉ လမ်းကြား၊ ကြိုးတန်း (၁) လမ်း၊ အမှတ် (၇၇/၂၀) နေ ဦးသိန်းဇံ [၉/မရတ (နိုင်) ၀၂၀၀၆၉] သို့ တည်ထောင်ခွင့်ပြုထားသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကြိုးဝိုင်း၊ အကွက်အမှတ် (၇၊ ၈) အတွင်း မြေဧရိယာဧက ၁၀၀ အား လုပ်ငန်းရှင်မှ ပြန်လည်အပ်နှံလာသည့်အတွက် ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်လုပ်ကိုင်ခွင့်ရသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့် အခွင့်အရေးများပါ အပိုဒ် (၅) အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှစ၍ ပြန်လည်သိမ်းဆည်းလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## ကုသရေးဦးစီးဌာန

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၄ ။　။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းမင်းသစ် (ဆမ-၁၀၅၂၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာစိုးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ကုသရေးဦးစီးဌာန။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

အမှတ် ၂၃၂။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၄၄၂၅/၂၀၁၉) အရ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာများအား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာ ထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါ ရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်)

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်နေရာ |
|---|---|---|
| ၁ | ဦးရဲနိုင်သိန်း (ID-00157) | နေပြည်တော်ဘဏ် |
| ၂ | ဒေါ်ရှင်ထွေးညာဏ်ဝင်း (ID-00152) | သုတေသန၊ လေ့ကျင့်ရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ |

ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်။

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၄။ ။ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါကမ်းနားဒေသ၊ မြေကွက်အမှတ် (၁၇/၁၈-က) တွင် တည်ဆောက်ထားသော အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ Green Asia Services Co.,Ltd ၏ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအမည်အား ယင်း၏လျှောက်ထားချက်အရ Regency SPC Co.,Ltd အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအမည်သို့ ပြင်ဆင်ပြောင်းလဲသတ်မှတ်လိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

အမှတ် ၅။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ အောက်ဖော်ပြပါ အကောက်ခွန်မှူး (၂) ဦးအား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ကပ | အမည် |
|---|---|---|
| ၁။ | ၂၆၇၂ | ဒေါ်ဇာရည်ဝင်း |
| ၂။ | ၂၃၆၈ | ဦးကျော်ကျော်လွင် |

အမိန့်အာဏာ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၄-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁(၄၄၆၅/၂၀၁၉)

ကျော်ထင်၊
ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန်ဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the Matter of the Myanmar Companies Law (2017) and

**S & PARTNERS (MYANMAR) LIMITED**

Notice of Special Resolutions for voluntary Winding Up of the Company and Claims Notice pursuant to section 345 & 348

**Notice of Special Resolutions**

At a Special General Meeting of the Company held at 16 Collyer Quay # 17-00 Singapore 049318 at 10:00 am on 31st July 2019, the following resolutions were passed as Special Resolutions:-

- That the Company be and is hereby wound up voluntarily under the provisions of Myanmar Companies Law 2017 to be effective from 31st July 2019.

- That Daw Tin Tin Yee (Director, Facilitation Limited, No.24/C, Room-4, 1st floor, Yaw Min Gyi Street, Dagon Township, Yangon) is hereby appointed as Liquidator of the Company for the purpose of such winding up and be authorized to carry on the business of the Company to such extent and for such period as may be necessary for the beneficial winding up thereof and be granted such other powers as may be deemed fit or proper.

**Claims Notice**

The undersigned Liquidator of the above named Company has fixed 9th September, 2019 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession to the Liquidator at the address given below before the above date.

Daw Tin Tin Yee
Liquidator
No.24/C, Room-4, 1st floor,
Yaw Min Gyi Street, Dagon Township,
Yangon.

## ရွိုင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
## (ROY INTERNATIONAL CO.,LTD)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွိုင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (ROY INTERNATIONAL CO.,LTD)** အား (၂၆. ၇. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နေရည်နွေး
(အုပ်ချုပ်မှုဒါရိုက်တာ)
ရွိုင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), CPA]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ပန်းရောင်စောင့်ရှောက်မှု ကုမ္ပဏီလီမိတက်
## (PINK CARE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ
အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ပန်းရောင်စောင့်ရှောက်မှု ကုမ္ပဏီလီမိတက်** ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ရုံးခန်းလိပ်စာဖြစ်သော အမှတ် (၈/က)၊ သုခိတာလမ်း၊ (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၇-၉-၂၀၁၉) နေ့ နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံးတက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (အေ-၃/ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

## M M ONLINE COMPANY LIMITED

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **M M ONLINE COMPANY LIMITED** အား (၁. ၈. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မာဝေခိုင်
မန်နေးဂျင်းဒါရိုက်တာ
M M ONLINE COMPANY LIMITED

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အောင်ဟိန်း ကုမ္ပဏီလီမိတက်

## (AUNG HEIN COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အောင်ဟိန်း ကုမ္ပဏီလီမိတက် (AUNG HEIN COMPANY LIMITED)** အား (၁. ၈. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးဟိန်း
မန်နေးဂျင်းဒါရိုက်တာ
အောင်ဟိန်း ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## Shangrila Adventure Myanmar Travels & Tours Company Limited

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Shangrila Adventure Myanmar Travels & Tours Company Limited** အား (၇. ၈. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q), CPA] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၉-၉-၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| သန္တာအေးအောင် | မီမီကျော် |
| မန်နေးဂျင်းဒါရိုက်တာ | [B.Com (Q), CPA] |
| Shangrila Adventure Myanmar Travels & Tours | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းစစ် |

## SHWE NGWE MOE HLYAN MINING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **SHWE NGWE MOE HLYAN MINING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၉-၉-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## PYI KAUNG KYAW MINING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **PYI KAUNG KYAW MINING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၉-၉-၂၀၁၉

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## JADE CIRCLE TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **JADE CIRCLE TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ - ၉-၉-၂၀၁၉

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ - တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## PYI KYAW AUNG HTAY MINING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **PYI KYAW AUNG HTAY MINING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၉-၉-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## KHAING SHWE HLYAN MINING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ (က) အရ ဖျက်သိမ်းဆဲ **KHAING SHWE HLYAN MINING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၉-၉-၂၀၁၉ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၉-၈-၂၀၁၉။